# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၈၄)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ ၁၄-၉-၂၀၂၄၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ရေကြီးရေလျှံမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၃

တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ အရှိန်နှင့်ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် စက်တင်ဘာ ၁၀ ရက်မှ စတင်၍နေရာအနှံ့အပြား မိုးအဆက်မပြတ် ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အချို့နှင့် အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ မြို့နယ်အချို့တို့တွင် ရုတ်တရက်ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့သည်။

စာမျက်နှာ ၂၄ သို့ ★

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)ရေတိုက်စားပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်နှင့် ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ အညွှန်း


ပြည်ပမှ ပဲပုပ်တင်သွင်းခွင့် ကန့်သတ်လိုက်ပြီးနောက် ပဲဖတ်၊ နှမ်းဖတ်၊ နေကြာနှင့် မုန်ညင်းဖတ်ဈေးမြင့်တက်လာ

စာမျက်နှာ ၁၂

မြို့တော်စည်ပင်၊ ရေနှင့် သန့်ရှင်းမှုဌာန ရေဖြန့်ဖြူးပေးနေမှု (ဆောင်းပါး)

စာမျက်နှာ ၁၄



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၆ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ စနေနေ့။

မန္တလေး

# ရှေးဦးပြုစုအတတ်ပညာ ဘဝတစ်သက်တာ သင်ယူပါ

ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းဝင်နိုင်ငံပေါင်း ၁၉၁ နိုင်ငံတွင် နှစ်တစ်နှစ်၏ စက်တင်ဘာလ ဒုတိယပတ်စနေနေ့ကို ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အဖြစ်သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် (၂၂) ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်သည်။ ယခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဆောင်ပုဒ်မှာ "အားကစားအတွက် အမြဲကူညီရှေးဦးပြုစုခြင်း အသင့်ရှိသည်" "First Aid and Sports Ready, Set, Respond" ဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးရုံသာမက နိုင်ငံအတွင်း လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင် ကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ စေတနာသွေးလှူရှင်လုပ်ငန်းများနှင့် အရေးပေါ်လူနာတင်ယာဉ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ၊ မိုခါမုန်တိုင်းကြုံတင်ပြင်ဆင်တုံ့ပြန်ခြင်းလုပ်ငန်းများတွင်လည်း ပြည်သူလူထုအတွက် စွမ်းစွမ်းတမံအသက်စွန့်ပြီး ဆောင်ရွက်ပေးလျက်ရှိသည်။ လူမှုကရုဏာဆိုင်ရာလုပ်ငန်းများတွင် အရန်အင်အားအဖြစ် ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ကြက်ခြေနီအဖွဲ့အစည်းများသည် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ အသက်အရွယ်၊ ကျား၊မ၊ အဆင့်အတန်း ခွဲခြားခြင်းမရှိဘဲ လူသားတို့အား လူမှုဒုက္ခအဝဝနှင့် ဝေဒနာခံစားနေရမှုတို့မှ လျော့ပါးသက်သာရန်၊ ကာကွယ်တားဆီးရန် မွန်မြတ်သော စိတ်ဓာတ်ဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ထို့ပြင် မကြာမီကဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များ၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည့် ကာလများတွင်လည်း ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ခြင်းလုပ်ငန်းများအဖြစ် အသင်း တွင်ရှိသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များက ရပ်ရွာအတွင်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဝေငှခြင်း၊ လူနာများအား ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း၊ ကာလိုရင်းဆေးခတ်ရာတွင် ကျန်းမာရေးဌာနနှင့်အတူ ကူညီဆောင်ရွက်ပေးခြင်း၊ ဓာတ်ဆားထုပ်များနှင့် ကလိုရင်းဆေးမှုန့်များ ထောက်ပံ့ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ယခုမျောက်ကျောက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင်လည်း ပြည်သူလူထုအတွက် ကူညီဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ရှေးဦးပြုစုခြင်းအတတ်ပညာများကို ကြက်ခြေနီမောင်မယ်များက စေတနာလုပ်အားဖြင့် ရပ်ရွာနေပြည်သူများအတွက် တတ်မြောက်ရန်လိုအပ်ပြီး အသက်ကယ်တင်ခြင်း အတတ်ပညာဟု သတ်မှတ်ကာ ရှေးဦးပြုစုခြင်းလုပ်ငန်းများကို စီမံချက်များရေးဆွဲကာ ဆောင်ရွက်လျက်ရှိသည်။ ရှေးဦးပြုစုခြင်းအတတ်ပညာကို ဘဝတစ်သက်တာသင်ယူခြင်းဖြင့် မိသားစုအတွက်၊ ရပ်ရွာအတွက် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ရာ လူနာများဆေးရုံမရောက်မီ အသက်ကယ်ကုသခြင်း၏ အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည့် ရှေးဦးကူညီပြုစုပေးခြင်းဖြင့် လူနာ၏ထိခိုက်ဒဏ်ရာများနှင့် နာကျင်ခံစားရမှုများကို လျော့နည်းသက်သာစေပြီး အသက်ရှင်သန်စေရန် အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် ရှေးဦးပြုစုခြင်းအတတ်ပညာကို ဘဝတစ်သက်တာအဖြစ် လူတိုင်းလူတိုင်း သင်ကြား၊ သင်ယူသင့်ကြောင်း ရေးသား လိုက်ရပေသည်။



## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၃**

အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်း ကျင်းပသော လူငယ်စကားဝိုင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါကျောင်း မြနန္ဒာခန်းမတွင် ကျင်းပသည်။

အစီအစဉ်အရ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လူငယ်စကားဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် လူငယ်စကားဝိုင်းအခမ်းအနားကို စတင်ကျင်းပရာ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade - 10 ကျောင်းသူ မမိုးပြေဝင်းအောင်က လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade - 10 ကျောင်းသား မောင်လင်းလက်ဖြိုးက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade - 11 ကျောင်းသား မောင်ခန့်ဝေဖြိုးက လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade - 10 ကျောင်းသား မောင်ဟိန်းသီဟက လူငယ်နှင့် လူကုန်ကူးမှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade - 10 ကျောင်းသူ မရှင်းသန့်ထွန်းက လူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့် လည်းကောင်း ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပါဝင်မေးမြန်းဆွေးနွေးကြသည်။

(အပေါ်ပုံ)

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်တင့်တင့် ရွှေနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များ ပြသပေးရာ ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ဝင်တစား လေ့လာကြည့်ရှုကြကြောင်း သိရသည်။ (ဝ၉၃)

## အမြန်လမ်း မိုင်တိုင်(၃၅၆)အနီး ရေကျော်မှုဖြစ်စဉ်မှ ကာကွယ်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သဲအိတ် ၅၀၀၀ စီမံဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၃၅၆) အနီးတွင် ရေကျော်မှုဖြစ်စဉ်ကြောင့် သဲအိတ်များချထားပြီး ကာကွယ်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ယနေ့ နံနက်ပိုင်းမှစတင်၍ သဲအိတ်ပေါင်း ၅၀၀၀ ကို စီမံဆောင်ရွက်ခဲ့သည်။

အဆိုပါ သဲအိတ်များရရှိရေးအတွက် ၂၂ လမ်းထိပ်၊ မန္တလေးဧရာဝတီမြစ်ဆိပ်ကမ်းမှ သဲများကို



လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ ဌာနနှစ်ခုက ဆောင်ရွက်ခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၃၅၆) နားမှာ ရေကျော်တာကြောင့် သဲအိတ်တွေနဲ့ ကာကွယ်ဖို့အတွက် ဌာနနှစ်ခုက ဝန်ထမ်းများက ဆောင်ရွက်တာပါ။ နောက်ရက်မှာ လိုအပ်ရင်လည်း သဲအိတ်တွေထပ်လုပ်ပေးသွားမယ်။ ဒီနေ့မှာ သဲအိတ်ပေါင်း ၅၀၀၀ ထည့်ပြီး ရေကျော်တဲ့နေရာကို ပို့တယ်" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ အင်အား ၁၀၀ နှင့် သန့်ရှင်းရေးဌာနမှ အင်အား ၁၆၀၊ စုစုပေါင်း အင်အား ၂၆၀ နှင့်အတူ သက်ဆိုင်ရာဌာနမှူးများနှင့် တာဝန်ရှိသူများ ကြီးကြပ်၍ ၂၂ လမ်းထိပ်၊ ဧရာဝတီမြစ်ဆိပ်ကမ်းတွင် သဲအိတ်ပေါင်း ၅၀၀၀ စီမံဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

✯ စာမျက်နှာ ၂၄ မှ

လိုအပ်သည့် ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၏ ဆွမ်းကိစ္စ အဆင်ပြေစေရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သိုက်ချောင်းကျေးရွာမှ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ စိုက်ခင်းများ ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးနေမှုအခြေအနေများ၊ ကျေးရွာများအတွင်း ရေဝင်ရောက်နေမှုများ၊ ပင်လောင်းလမ်းဆုံနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်းမှ လေ့ခွင်းတောင်သို့ ဝင်ရောက်သည့် လမ်းပိုင်းနေရာများတွင် ရေကျော်ဖြစ်ပေါ်နေမှုအခြေအနေများ၊ ကုန်တင်ကားကြီးများနှင့် ခရီးသည်တင်ယာဉ်များ စောင့်ဆိုင်းနေရမှု အခြေအနေများ၊ ကျောက်ချက်တံတား (ဆင်သေချောင်းကူး)ပေါ်မှတစ်ဆင့် ဆင်သေချောင်းအတွင်း ရေများ အဆက်မပြတ် စီးဆင်းနေမှုအခြေအနေများ၊ ပုဗ္ဗသီရိ မြို့နယ် ဝက်ကုန်းကျေးရွာနှင့် ပေါက်တော ကျေးရွာလမ်းကြောင်းတစ်လျှောက် လူနေအိမ်များ ရေဝင်ရောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေကြီးရေလျှံမှုများကြောင့် လမ်းများ၌ သစ်ပင်/သစ်ကိုင်းများ ပိတ်ဆို့နေမှုများကို အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရန်လိုကြောင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မှသာလျှင် ရေဝပ်မှုများကျဆင်းသွားမည်ဖြစ်သဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စက်ယန္တရားအင်အား၊ လူအင်အားများကို အင်ပြည့်အားပြည့်ဖြင့် အသုံးပြုဆောင်ရွက်သွားရန်လိုကြောင်း၊ စက်ယန္တရားများရှိသည့် ဝန်ကြီးဌာနများနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့များမှ စက်ယန္တရားများ ထပ်မံထုတ်ယူ၍ ရေစီးရေလာ ကောင်းမွန်အောင် ရေလမ်းကြောင်း အမြန်ရှင်းလင်းရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ပြီး ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရစဉ်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အေးမြင့်သာယာတံတား(ဆင်သေချောင်းကူး)သို့ ရောက်ရှိကြပြီး ရေစီးအားကြောင့် တံတားချဉ်းကပ်လမ်း မြေကာနံရံပဲ့ကျ ပျက်စီးနေမှုအခြေအနေများနှင့် ဆင်သေချောင်းအတွင်း သစ်ပင်၊ သစ်တုံးများ မျောပါပြီး တံတားအောက်ခြေတိုင်များတွင် ပိတ်ဆို့နေမှုများကို ဖယ်ရှားနေမှုများအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တံတားများနှင့် လမ်းများအားလုံး ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများ ပိုမိုမြန်ဆန်မှုရှိစေရေး စက်ယန္တရားများကို ထိရောက်စွာ အသုံးပြုသွားရန် လိုကြောင်းနှင့် ရေဖုံးလွှမ်းခဲ့သည့် လမ်းတစ်လျှောက် တင်ကျန်ခဲ့သည့် ရွှံ့ညွန်များ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်ချက်တံတား (ဆင်သေချောင်းကူး) တွင် ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တာဝန်ရှိသူများအား နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုဒဏ် ခံခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အင်ပြည့်အားပြည့်ဖြင့် အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေဘေးသင့် ပြည်သူများ၏ လက်ဝယ်သို့ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ အမြန်ဆုံးရောက်ရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ အရှိန်ကြောင့် ရေကြီးရေလျှံမှုများ ကြုံတွေ့ခံစားခဲ့ရသည့် အခြားနိုင်ငံများနည်းတူ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ အမြန်ဆုံး ရရှိနိုင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရက တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးချိတ်ဆက်ရယူနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ရေဘေးသင့်ပြည်သူများအား အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး ဆက်လက် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

## အသိပေးနှိုးဆော်ထား

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနအနေဖြင့်လည်း ယနေ့နံနက်ပိုင်းမှ စက်တင်ဘာ ၁၅ ရက်အထိ ယခုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများအား ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများအား ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး KBZ Pay QR Code နံပါတ် 70157401001 သို့ လည်းကောင်း၊ QR Code ကို Scan ဖတ်၍ လည်းကောင်း၊ Wave Money ဖြင့်လှူဒါန်းလိုပါက QR Code ကို Scan ဖတ်၍ လည်းကောင်း၊ ဖုန်းနံပါတ် (၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍ လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။




၃။ ထို့အပြင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့်လည်း လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသဖြင့် ထပ်မံအသိပေးကြေညာသွားမည် ဖြစ်ပါသည်။

၄။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၅။ နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ် (0111284000000063)ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE/BIC - MFTBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - 0111284000000063 သို့ လှူဒါန်းနိုင်ပါသည်။

၆။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

( ခ ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

( ဂ ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE - MYEBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၇။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁<br>ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁<br>ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅<br>၀၉-၄၂၀၇၄၀၁၆၀<br>ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဦးအေးမင်းသူ ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇<br><br>ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |

၈။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

( ခ ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

( ဂ ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄ x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

နေပြည်တော် စက်တင်ဘာ ၁၃

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ မောင်တောမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၁၁၅ မိုင်ခန့်၊ စစ်တွေမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၁၆၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပတ်တု(အ)ခါလီမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၀ ခန့်၊ အိန္ဒိယနိုင်ငံ ကန်နင်းမြို့၏ အရှေ့ဘက် ရေမိုင် ၁၂၀ ခန့်နှင့် ကိုးလ်ကတ္တားမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျူ ၂၂ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၀ ဒသမ ၈ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်ရှစ်နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ပတ်တု(အ)ခါလီမြို့အနီးမှဖြတ်ကျော်နိုင်ကာ နောက် ၄၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းဒေသများနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။







**သတိပေးနှိုးဆော်ချက်**

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၁၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ကာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မိုးသည်းထန်ခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်ပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရေကျော်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ဆွေးနွေးတင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးမြို့နယ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၄၈/၇ ရှိ သားများဘ ကျေးရွာအနီး၊ မိုင်တိုင်အမှတ် ၃၅၂ စကားအင်းပိုင်းအနီးနှင့် မိုင်တိုင်အမှတ် ၃၅၆ ရှိ ပန်းယျကျေးရွာအနီး ရေကြီးရေလျှံနေသည့် နေရာများတွင် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို ကြည့်ရှုအားပေးပြီး၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့အား ခေါက်ဆွဲခြောက်ထုပ်များနှင့် ရေသန့်ဘူးများကို ပေးအပ်ခဲ့ပြီး လိုအပ်သည်တို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**








သတင်း-စာမျက်နှာ ၇ မှ









# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင် အလှူရှင်များမှ လှူဒါန်းမှုများအား လက်ခံ

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆည်ရေ၊ မြစ်ရေနှင့် ချောင်းရေ ဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိကာ ပြည်သူအချို့ ရေဘေးသင့်ခဲ့သည့်အတွက် စေတနာရှင်အလှူရှင်များက ယနေ့တွင်လာရောက်လှူဒါန်းမှုများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က လက်ခံဆောင်ရွက်ခဲ့သည်။








ထိုသို့ လာရောက်လှူဒါန်းမှုတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်သည် သီရိသုမင်္ဂလာဇာတရေ ဦးစိုးနိုင်+ဒေါ်အေးအေးခိုင်(အေးအေးခိုင်ကုမ္ပဏီ)က ငွေကျပ် ၅၂၅ သိန်းတန်ဖိုးရှိ ဆန်အိတ် ၅၀၀ အိတ်၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း(MBCCD Ltd)က ငွေကျပ်သိန်း ၁၁၀၀ ၊ ချောင်ချောင်ရွှေဆိုင်မိသားစုက ငွေကျပ် သိန်း ၃၀၀ နှင့် Myanmar Developer Association (MDA) မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၁၀၀၊ ALPINE သောက်ရေသန့်က ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိ ရေသန့်ဘူးများအား လှူဒါန်းရာ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**






သတင်း-စာမျက်နှာ ၇ မှ





# မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ကျောက်ဆည်ခရိုင်အတွင်း မြေနိမ့်ပိုင်းဧရိယာများနှင့် ရပ်ကွက်အချို့ရေနစ်မြုပ်နေမှုနေရာများမှ ပြည်သူများအား ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းခြင်း၊ ရှာဖွေကူညီကယ်ဆယ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ





**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီးတွင် မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းပြီး မြစ်ရေ၊ ချောင်းရေများ မြင့်တက်လာပြီး ရေကြီးရေလျှံမှုများကြောင့် မြေနိမ့်ပိုင်းဧရိယာများနှင့် အနီးရှိရပ်ကွက်များ၊ ကျေးရွာများတွင် ရေများဝင်ရောက်ကာ ရေနစ်မြုပ်နေမှုများဖြစ်ပေါ်ခဲ့ပြီး ရေနစ်မြုပ်နေသည့်နေရာများမှ ပြည်သူများအား ရေဘေးလွတ်ရာ နေရာများသို့ ရွှေ့ပြောင်းပေးခြင်း၊ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဇော်ဂျီမြစ်ရေ၊ ပန်းလောင်မြစ်ရေ၊ စမုံမြစ်ရေများ ရေကြီးရေလျှံမှုများကြောင့် မြေနိမ့်ပိုင်းဧရိယာများနှင့် အနီးရပ်ကွက်များ၊ ကျေးရွာများတွင် ရေများဝင်ရောက်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့်နေရာများသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ဒေသအလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတ အသင်းအဖွဲ့များက စက်လှေများ အသုံးပြု၍ ကူညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကာ ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









## ကာမာလာနှင့် နောက်ထပ်စကားစစ်ထိုးမည်မဟုတ်ဟု ဒေါ်နယ်လ်ထရမ့် ကိုယ်ပိုင်လူမှုကွန်ရက်တွင် ကြေညာ

**ဝါရှင်တန် စက်တင်ဘာ ၁၃**

ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်နှင့် နောက်ထပ်စကားစစ်ထိုးမည်မဟုတ်ဟု ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်က ၎င်း၏ ကိုယ်ပိုင်လူမှုကွန်ရက်ဖြစ်သော ထရုသ်ဆိုရှယ်တွင် ကြေညာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



အဆိုပါအမေရိကန် သမ္မတလောင်းနှစ်ဦး၏ ပထမအကြိမ် စကားစစ်ထိုးပွဲကို အမေရိကန်အခြေစိုက် အေဘီစီအသံလွှင့်ဌာနက တိုက်ရိုက်ထုတ်လွှင့်ပြသရာ ကြည့်ရှုသူပေါင်း ၆၇ သန်းကျော် ရှိခဲ့သည်။

ဒီမိုကရက်တစ်ပါတီ အင်အားစုဝင်များက ပထမ စကားစစ်ထိုးပွဲတွင် ၎င်းတို့၏ သမ္မတလောင်း ကာမာလာဟဲရစ် အနိုင်ရခဲ့သည်ဟုမှတ်ယူကာ နောက်တစ်ပွဲထပ်မံပြုလုပ်ရန် ထရမ့်ကို စိန်ခေါ်ခဲ့သည်။

အကယ်၍ ထိုစိန်ခေါ်မှုကို ထရမ့်ကသာ လက်ခံခဲ့လျှင် အောက်တိုဘာလထဲတွင် ဒုတိယစကားစစ်ထိုးပွဲ ပြုလုပ်ရမည်ဟုဆိုသည်။

စကားစစ်ထိုးပွဲ နောက်ထပ်ပြုလုပ်ရန် အစီအစဉ်မရှိတော့ခြင်းနှင့်ပတ်သက်၍ ထရမ့်က ရှင်းလင်းပြောကြားခြင်းမရှိဘဲ နှုတ်ဆိတ်နေခဲ့ကြောင်း သိရသည်။ **Mon**

0-0-0-0-0






တရုတ်နိုင်ငံ ကွီကျိုးကျေးရွာများဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ဆုဖလားရရှိသွားသောအသင်း အောင်ပွဲခံနေသည်ကို စက်တင်ဘာ ၁၂ ရက်က တွေ့ရစဉ်။ **Mon**

## အောက်တိုဘာလတွင်ကျင်းပမည့် ဘရစ်ခ်စ်ညီလာခံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်ရန်စီစဉ်ထား

**ပေကျင်း စက်တင်ဘာ ၁၃**

ရုရှားနိုင်ငံ၌ လာမည့် အောက်တိုဘာလတွင်ကျင်းပမည့် ဘရစ်ခ်စ်ညီလာခံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင် တက်ရောက်ရန် စီစဉ်ထားသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၂ ရက်တွင် အတည်ပြုကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ရုရှားနိုင်ငံရောက် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသော အစည်းအဝေးတစ်ခု၌ ဘရစ်ခ်စ်ထိပ်သီးညီလာခံသို့ သမ္မတ ရှီကျင့်ဖျင်တက်ရောက်မည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ထုတ်ဖော်ပြောကြားပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထပ်လောင်းအတည်ပြုခဲ့ခြင်း ဖြစ်သည်။

ရုရှားနိုင်ငံ အနောက်တောင်ပိုင်းရှိ ကဇန်မြို့တွင်ကျင်းပမည့် ဘရစ်ခ်စ်ထိပ်သီးညီလာခံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်တက်ရောက်ရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ဖိတ်ကြားခဲ့သည်။

ဩဂုတ်လအတွင်း တရုတ်ဝန်ကြီးချုပ် လီချိုင်း ရုရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာရာ သမ္မတ ဗလာဒီမာပူတင်က လှိုက်လှဲစွာကြိုဆိုခဲ့ကြောင်း သိရသည်။ **Mon**

0-0-0-0-0



## နတ်ရှ်ဗီးလ် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်နှစ်စင်း ဝင်တိုက်မိတော့မလိုဖြစ်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ် နတ်ရှ်ဗီးလ် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စက်တင်ဘာ ၁၂ ရက်က လေယာဉ်နှစ်စင်း ဝင်တိုက်မိတော့မလိုဖြစ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခရီးသည် ၁၇၆ ဦးနှင့် လေယာဉ်ဝန်ထမ်း ၆ ဦး လိုက်ပါလာသော ဘိုးရင်း ၇၃၇ မက်ခ်စ် ၉ အမျိုးအစား လေယာဉ်စတင်ပျံသန်းရန် ပြေးလမ်းပေါ်၌ အရှိန်ရစပြုနေစဉ် အခြားလေကြောင်းလိုင်းမှ လေယာဉ်နှင့် ဝင်တိုက်မိတော့မလိုဖြစ်ကာ ဘရိတ်အုတ်ပြီး အရှိန်ကိုရပ်တန့်ခဲ့ရသည်။

ထိုလေဆိပ်မှ ထိန်းချုပ်သူများ၏ တာဝန်ပေါ့လျော့မှုရှိ၊ မရှိ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ **Mon**

## ရှားပါးလိပ်ပြာခိုးယူသော အီတာလျံသားအဖကို သီရိလင်္ကာနိုင်ငံက ငွေဒဏ် ဒေါ်လာနှစ်သိန်းချမှတ်

**ကိုလံဘို စက်တင်ဘာ ၁၃**

ရှားပါးလိပ်ပြာခိုးယူသော အီတာလျံသားအဖကို သီရိလင်္ကာနိုင်ငံက ငွေဒဏ် ဒေါ်လာနှစ်သိန်းချမှတ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၆၈ နှစ်အရွယ် လွီဂီဖာရေရာနှင့် အသက် ၂၈ နှစ်အရွယ် သားဖြစ်သူ မတ်တီယာတို့နှစ်ဦးသည် လွန်ခဲ့သော မေ ၈ ရက်က သီရိလင်္ကာနိုင်ငံ ယာလာအမျိုးသားဥယျာဉ်အတွင်းမှ ရှားပါးလိပ်ပြာများကို ခိုးယူခဲ့ကြသည်။

၎င်းတို့ကို အဆိုပါဥယျာဉ်မှ သစ်တောလုပ်ငန်းဆိုင်ရာ အာဏာပိုင်များက စစ်ဆေးစဉ် တိတ်တဆိတ်ဖမ်းဆီးထားသော ရှားပါးလိပ်ပြာများကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါအီတာလျံသားအဖနှစ်ဦးကို သီရိလင်္ကာအာဏာပိုင်များက စွဲချက်ပေါင်း ၈၁၀ ဖြင့် စွဲဆိုခဲ့သော်လည်း နောက်ပိုင်းတွင် စွဲချက်ပေါင်း ၃၀၄ ချက်သို့ လျှော့ချပေးခဲ့သည်။

၎င်းတို့နှစ်ဦးသည် ထိုဥယျာဉ်ထဲမှ ရှားပါးလိပ်ပြာများကို အကောင်ရေ ရာနှင့်ချီ၍ ခိုးယူရန် ကြိုးစားခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

0-0-0-0-0



## ပြည်ပမှသွင်းသောရွှေအပေါ် အခွန်လျှော့ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံတွင် ရွှေဈေးကျပြီး ဝယ်လိုအားမြင့်တက်

**ဒေလီ စက်တင်ဘာ ၁၃**

ဇူလိုင်လတွင် အစိုးရက ပြည်ပမှသွင်းသောရွှေအပေါ် အခွန်လျှော့ချခဲ့ပြီးနောက် အိန္ဒိယနိုင်ငံတွင် ရွှေဈေးကျပြီး ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံသားအများစု အနေဖြင့် ရွှေ လက်ဝတ်ရတနာပစ္စည်းများကို ရင်းနှီးမြှုပ်နှံသည့်ပုံစံဖြင့် ဝယ်ယူစုဆောင်းထားလေ့ရှိရာ ပြည်တွင်းဈေးကွက်ရှိ ရွှေပမာဏနှင့် ရွှေဝယ်ယူသူများ၏ ဝယ်လိုအားမမျှတတော့ရာမှ ယခုနှစ်အစပိုင်းတွင် ရွှေဈေး တရိပ်ရိပ်မြင့်တက်လာခဲ့သည်။

ထိုရွှေဈေးကို ထိန်းညှိပေးနိုင်ရန် အိန္ဒိယအစိုးရက ပြည်ပမှ ရွှေတိုးမြှင့်တင်သွင်းနိုင်စေရန် အခွန်ကို ၁၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ လျှော့ချခဲ့သည်။

ရလဒ်အားဖြင့် ၃၀ ရာခိုင်နှုန်းခန့်အထိ မြင့်တက်နေခဲ့သော ရွှေဈေးကျဆင်းသွားကာ ဈေးကွက်ပြန်လည်တည်ငြိမ်လာသည်ကို တွေ့ရသည်။

ကမ္ဘာပေါ်တွင် ရွှေဝယ်လိုအား ဒုတိယအများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယ၌ လက်ရှိရွှေဈေးနှုန်းသည် ၁၀ ဂရမ်လျှင် ရူပီး ၇၃၀၀၀ ဖြစ်နေကြောင်း သိရသည်။ **Mon**

0-0-0-0-0



STOP AIDS

## အမေရိကန်သန်းကြွယ်သူဌေး ဂျရက်အိုက်ဇက်မန်း အာကာသထဲသို့ မိနစ်အနည်းငယ် လမ်းထွက်လျှောက်

**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်သန်းကြွယ်သူဌေး ဂျရက်အိုက်ဇက်မန်းသည် စက်တင်ဘာ ၁၂ ရက်က ဒရက်ဂွန်အာကာသယာဉ်ထဲမှ အပြင်ထွက်ကာ အာကာသထဲသို့ မိနစ်အနည်းငယ် လမ်းထွက်လျှောက်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



အာကာသ လမ်းလျှောက်အတွေ့အကြုံ ခံစားလိုသော ဂျရက်အိုက်ဇက်မန်းနှင့်အတူ စပေ့စ်အိတ်ခ်စ်ကုမ္ပဏီမှ အင်ဂျင်နီယာ ဆာရာဂီးလစ်က ၎င်းကို အဖော်ပြု လိုက်ပါခဲ့သည်။

ပညာရှင်မဟုတ်သော သာမန်လူက အာကာသထဲသို့ လမ်းထွက်လျှောက်လိုသဖြင့် ပထမဆုံးဝန်ဆောင်မှုပေးနိုင်ခဲ့သဖြင့် ဤခရီးစဉ်သည် မိမိတို့ကုမ္ပဏီအတွက် ထူးခြားသော သမိုင်းမှတ်တိုင်ဖြစ်သည်ဟု စပေ့စ်အိတ်ခ်စ်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ **Mon**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့်ဒေသများမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်မှု ဓာတ်ပုံမြင်ကွင်း





စက်တင်ဘာ ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ကျေးရွာများ (ဝဲပုံ)နှင့် တောင်ငူမြို့ကျေးရွာများ (အပေါ်ပုံ) တွင် ရေဝင်ရောက်မှုဖြစ်ပွားသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ဆောင်ရွက်ပေးစဉ်။ ဓာတ်ပုံ- MFSD





စက်တင်ဘာ ၁၁ ရက်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်ပွားသည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ခဲရာခဲဆစ် ကူညီကယ်ဆယ်ရေးဆောင်ရွက်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ- MFSD





စက်တင်ဘာ ၁၂ ရက်က မြန်အောင်မြို့နယ် ဧရာဝတီမြစ်ကမ်းအနီးရှိ နေအိမ်များမှ ရေဘေးသင့်ပြည်သူများကို ကူညီရွှေ့ပြောင်းပေးစဉ်။ ဓာတ်ပုံ - MFSD



စက်တင်ဘာ ၁၁ ရက်က ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားရာ တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးစဉ်။ ဓာတ်ပုံ - MFSD





တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များက ရေကြီးနစ်မြုပ်မှုဖြစ်ပွားသည့်ဒေသများမှ ပြည်သူများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။ သတင်းစဉ်

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မနော်ရမ္မမြောင်းမကြီး ရေစီးရေလာကောင်းမွန်ရေး ဆယ်ယူရှင်းလင်းဆောင်ရွက်မှုနှင့် ပြည်ကြီးတံခွန်မြို့နယ်တွင် ရေနုတ်မြောင်းအသစ်တူးဖော်ခြင်း လုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် မြို့တွင်းရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် စဉ်ဆက်မပြတ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင် (၂)ဦးနေလင်းထွန်းနှင့် တာဝန်ရှိ ဌာနမှူးများလိုက်ပါကာ မဟာအောင်မြေမြို့နယ်အတွင်း ၆၂ လမ်း၊ ၃၆လမ်းနှင့် ၄၃လမ်းကြား မနော်ရမ္မမြောင်းမကြီး ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်ပင်များကို စက်ယန္တရားနှင့် လူအင်အားအသုံးပြု၍ ဆယ်ယူရှင်းလင်းဆောင်ရွက်နေမှုများနှင့် အဆိုပါ မြောင်းဘေးတစ်လျှောက် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်း လုပ်ငန်းများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ယခု ရက်သတ္တပါတ်အတွင်း မိုးရွာသွန်းမှုများသဖြင့် မြို့တွင်းလမ်းများပေါ်မှ ရေများပင်မမြောင်းမကြီးများအတွင်းသို့ အမြန်ဆုံး စီးဆင်းဝင်ရောက်ရေးအတွက် ရေနုတ်မြောင်းငယ်များကို ရေဆင်းအပေါက်ဖွင့်ခြင်း၊ နုန်းမြေများတူးဖော်ဆယ်ယူခြင်း၊ မြောင်းများချဲ့ထွင်ခြင်းစသည့် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်အလိုက် စနစ်တကျ ဆောင်ရွက်နေမှုများအား နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆယ်ယူနေသည့် မနော်ရမ္မမြောင်းမကြီးမှာ ၃၅ လမ်းတောင်ဘက်ခြမ်းတစ်လျှောက်ရှိ အနိမ့်ပိုင်းရပ်ကွက်များတွင် ရေတင်၊ ရေဝပ်မှုများ မဖြစ်အောင် ရေများကို အဓိက စီးဆင်းစေသည့် မြောင်းမကြီးဖြစ်သည့်အတွက် မြောင်းဆယ်ယူခြင်းလုပ်ငန်းများအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ၆၂ လမ်း၊ ၁၀၆ လမ်းနှင့် ၁၀၇လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာနသို့ ရောက်ရှိလာရာ ဒုတိယဌာနမှူး၊ ဌာနခွဲမှူးတို့က ဌာနဝင်းအတွင်း စက်ယန္တရားနှင့် ယာဉ်များစနစ်တကျ နေရာချထားဆောင်ရွက်ထားရှိမှု လက်ရှိစက်ယန္တရားနှင့် ယာဉ်အင်အားစာရင်း၊ ဝန်ထမ်းယာဉ်မောင်းအင်အားစာရင်း၊ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မှု၊ မြို့တော်သန့်ရှင်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နေ့စဉ်အသုံးပြုလျက်ရှိသော စာရင်း၊ စက်သုံးဆီသုံးစွဲမှုနှင့် သိုလှောင်ထိန်းသိမ်းမှု၊ အရေးပေါ်အတွက် အသင့်စုစည်းထားရှိသည့် ယာဉ်မောင်းများနှင့် စက်ယန္တရား၊ မြေသယ်ပို့ယာဉ်များနေ့စဉ်အသင့် အနေအထားစီစဉ်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်သည် ယာဉ်မောင်းဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ သဘာဝဘေးအန္တရာယ်ကျရောက်လျက်ရှိသည့် တိုင်းဒေသကြီးအတွင်းရှိ ဒေသများသို့ သွားရောက်ရန် လိုအပ်ပါက စက်ယန္တရားနှင့် ယာဉ်များ၊ ယာဉ်မောင်းများအသင့်စီစဉ်ထားရှိမှုနှင့်အတူ အမြန်ဆုံး လိုအပ်သည့်နေရာသို့ စားသုံးကုန်ပစ္စည်းများ၊ စက်ရေယာဉ်၊ လှေငယ်များ အမြန်ဆုံးရောက်ရှိရေး သယ်ပိုးရာ၌ ပါဝင်ကူညီကြရန် ဒုတိယဌာနမှူး၊ ဌာနခွဲမှူးတို့အား မှာကြားခဲ့ပြီးနောက် စက်ရုံဝင်းအတွင်း၌ လောင်စာဆီသိုလှောင်ရန် ဂါလန်သုံးသောင်းဆံ့ မြေအောက်ဆီလှောင်ကန်တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့ပြင် ဒီဇယ်ဆီ၊ ဓာတ်ဆီများဖြစ်၍ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ စက်ရုံဝင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား ဂရုတစိုက်ဆောင်ရွက်ထားရှိမှုများအား စနစ်တကျ နေ့စဉ်ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် ၁၃၉ လမ်းမှ ရေဆိုးပစ်မြောင်းအထိ ၆၈ လမ်းအနောက်ဘက်ခြမ်းတစ်လျှောက် ၅ ပေအကျယ် ရေနုတ်မြောင်းအသစ်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က မြောင်းတူးလုပ်ငန်း အမြန်ဆုံးပြီးစီးရေးအတွက် လိုအပ်သည့် မြောင်းတူးစက်ယန္တရားများအား ထပ်မံတောင်းခံ၍ စနစ်တကျ ရေနုတ်မြောင်းများ ဆောင်ရွက်ရန်၊ မြောင်းနှုတ်ခမ်းများ သေသပ်ညီညာနေအောင် ဆောင်ရွက်ပေးရန် တို့ကို တာဝန်ခံအင်ဂျင်နီယာအား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရေဆိုးပစ်မြောင်းထိပ်မှ အမရပူရမြို့နယ် စွယ်တော်မြတ်စေတီတော် အရှေ့ဘက် အဝင်မုခ်ဦးရှေ့(၁၄၆ ဗီ)လမ်းအထိ (၆၈)လမ်းတစ်လျှောက် လမ်းအရှေ့ဘက်ခြမ်း၌ (၄)ပေအကျယ်ရေနုတ်မြောင်းသစ်တူးဖော်ခြင်းနှင့် လမ်းဖြတ်နေရာများ၌ (၄)ပေပတ်လည် Precast Box Culvert (အမိုးပိတ်တံတား) (၈)စင်းတည်ဆောက်ရန် စက်ယန္တရားဖြင့် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီးနောက် စွယ်တော်မြတ်စေတီတော်ပရိဝုဏ်အတွင်း အရှေ့တောင်ထောင့်မြေနေရာကွက်လပ်တွင် (၁၅ပေ×ပေ၃၀) အကျယ် ဈေးဆိုင်ခန်း(၁၉)ဆိုင်အား ပုံစံသစ်ဖြင့် စနစ်တကျတည်ဆောက်ရန် လျာထားမှုအား ဆိုင်ခန်းများ ပြန်လည်တည်ဆောက်နေရာချ ထားပေးရေးအတွက် ပုံစံရေးဆွဲပြီး အတည်ပြုချက်တိုင်းဒေသကြီးအစိုးရသို့ တင်ပြကာ အမြန်ဆုံးရှင်းလင်းတည်ဆောက်ပြီးစီးရေး တာဝန်ရှိ ဌာနမှူးများနှင့် ညှိနှိုင်းသတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**











## ဌာနဆိုင်ရာများစုပေါင်း၍ (ပထမအကြိမ်) ဆွမ်းဆန်တော်နှင့် ဆီ၊ ကြက်သွန်များလှူဒါန်း

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ စုပေါင်း၍ ပရိယတ္တိစာသင်တိုက်များအား(ပထမအကြိမ်)ဆွမ်းဆန်တော်၊ ဆီနှင့် ကြက်သွန်လှူဒါန်းပွဲကို စက်တင်ဘာ ၁၀ရက် မွန်းလွဲ ၂နာရီက စိတ္တပါလဂူကျောင်း စာသင်တိုက်ရှိ တင့်ဆွေရတနာ မြသက်ခြယ် ဆွမ်းစားဆောင်တွင် ပြုလုပ်သည်။

အခမ်းအနားသို့ မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ကိုးတိုက်နှင့် သီလရှင်စာသင်တိုက်နှစ်တိုက်တို့မှ ပဓာနနာယက ဆရာတော်များနှင့် သီလရှင်များ ကြွရောက်တော်မူကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဘုရားကန်တော့ဖွင့်လှစ်ကြသည်။ ထို့နောက် စိတ္တပါလဂူကျောင်း စာသင်တိုက်ကြီး၏ ပဓာနမဟာနာယက ဆရာတော် ဘဒ္ဒန္တလာဘထံက ကိုးပါးသီလခံယူ ဆောက်တည်၍ ဆရာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များအား နာယူကြသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆရာတော်များနှင့် သီလရှင်များထံ ဆွမ်းဆန်တော်၊ ဆီနှင့်ကြက်သွန်များကို ဆက်ကပ် လှူဒါန်းကြသည်။ ထို့နောက် စိတ္တပါလဂူကျောင်းစာသင်တိုက်ကြီး၏ ပဓာနမဟာနာယကဆရာတော် ဘဒ္ဒန္တလာဘထံက အနုမောဒနာတရားများ နာကြားကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှအတန်းပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် ဌာနဆိုင်ရာများ(ပထမအကြိမ်)လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့်ကြက်သွန်များ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၅၃သိန်းကျော် ဖြစ်ပြီး အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းဝေနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၈၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ခဲပုံ)(၄၅၆)

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများ ထုတ်ချေးပေး

**ကျောက်ဆည် စက်တင်ဘာ ၁၃**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်လျက်ရှိသော ကျေးရွာများအား ချေးငွေများ ထုတ်ချေးပေးလျက်ရှိပြီး စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ရေသရောက်ကျေးရွာတွင် ဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေကျပ် ၇၀၂ သိန်း ထုတ်ချေးပေးခဲ့သည်။

ရေသရောက်ကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြပြီး ၂၀၁၅ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခု ထုတ်ချေးပေးသော မြစိမ်းရောင်စီမံကိန်းချေးငွေသည် ဒသမအကြိမ်မြောက် ပြန်လည်ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် ချေးငွေများကို စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၅ ဦးအား ငွေကျပ် ၂၀၂ သိန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၈၄ ဦးအား ငွေကျပ် ၄၂၂ သိန်းနှင့် အရောင်းအဝယ်လုပ်ကိုင်သူ ၁၃ ဦးအား ငွေကျပ် ၇၈ သိန်းထုတ်ချေးပေးခဲ့သည်။

စီမံကိန်းချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် ရေသရောက်ကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အခြားပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)(၄၈၅)

## ပဉ္စမအကြိမ်အမျိုးသားအားကစားပြိုင်ပွဲ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်ရေး ဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနလက်အောက်ရှိ တိုင်းဒေသကြီးရုံး၊ခရိုင်တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်အားကစားမှူးများ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင်အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က အားကစားကွင်း၊ အားကစားရုံများ အစဉ်သန့်ရှင်းသာယာရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူးနှင့်မြို့နယ်အားကစားမှူးများက အားကစားနည်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများ ရွေးချယ်ရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(ဝ၄၅)



## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် ယနေ့မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်း ချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## ပြည်ပမှ ပဲပုပ်တင်သွင်းခွင့် ကန့်သတ်လိုက်ပြီးနောက် ပဲဖတ်၊ နှမ်းဖတ်၊ နေကြာနှင့် မုန်ညင်းဖတ်ဈေး မြင့်တက်လာ

ပြည်ပမှ ပဲပုပ်တင်သွင်းခွင့် ကန့်သတ်လိုက်ပြီးနောက် ပြည်တွင်း ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်နှင့် မုန်ညင်းဖတ်ဈေးများ မြင့်တက်လာသည်။

နိုင်ငံခြားငွေ သုံးစွဲမှုများကို စိစစ်ကန့်သတ်ချက်များကြောင့် အရေးကြီး ကုန်စည်များမှအပ ကျန်သွင်းကုန်များကို နိုင်ငံခြားငွေ သုံးစွဲမှုလျှော့ချနိုင်ရန် တင်သွင်းမှုများကို ဗဟိုဘဏ်က စိစစ်ကန့်သတ်ခဲ့ခြင်းဖြစ်သည်။

ယခု စက်တင်ဘာလဆန်းပိုင်းမှာ ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်နှင့်မုန်ညင်းဖတ် ဈေးနှုန်းတွေ မြင့်တက်လာပြီး ဈေးကောင်းရနေခြင်းဖြစ်သည်။

မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းသီးနှံတွေကို ဆီကြိတ်ရာမှထွက်ရှိတဲ့ ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်နှင့် မုန်ညင်းဖတ်တွေကို မွေးမြူရေးအစာအဖြစ် ငါးမွေးမြူရေး လုပ်ကိုင်သူတွေနဲ့ မွေးမြူရေး အစာစပ်စက်ရုံတွေက ဝယ်ယူမှုရှိနေသည့်အတွက် ဈေးကွက်က မြင့်တက်ခြင်း ဖြစ်သည်။

ဇူလိုင်လကုန်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်နှင့် မုန်ညင်းဖတ်ဈေးနှင့် လက်ရှိ စက်တင်ဘာလဆန်းပိုင်းဈေးကွက်နှင့်နှိုင်းယှဉ်ပါက အမျိုးအစားတစ်ခုချင်းအလိုက် တစ်ပိဿာကို ငွေကျပ် ၈၀၀ မှ ၁၇၀၀ ကြား မြင့်တက်လာခြင်း ဖြစ်သည်။

စက်တင်ဘာ ၉ ရက်တွင် ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၊ နှမ်းဖတ် တစ်ပိဿာလျှင် ငွေကျပ် ၃၉၅၀၊ နေကြာဖတ် တစ်ပိဿာလျှင် ငွေကျပ် ၃၀၅၀၊ မုန်ညင်းဖတ် တစ်ပိဿာလျှင် ငွေကျပ် ၃၀၅၀ အသီးသီးပေါက်ဈေးရှိသည်။

လက်ရှိအချိန်တွင် မိုးရာသီစိုက် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးထားသလို လာမည့်ဆောင်းစိုက်ရာသီတွင်လည်း မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါသီးနှံများကို သွင်းကုန်အစားထိုးနိုင်ရန်နှင့် နိုင်ငံခြားငွေ သုံးစွဲမှုလျှော့ချရန် ရည်ရွယ်ပြီး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေမန်း



# မြို့တော်စည်ပင်၊ ရေနှင့် သန့်ရှင်းမှုဌာန ရေဖြန့်ဖြူးပေးနေမှု

**'ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူ၍ ဆိုစကားရှိသည်။ လူနှင့်သတ္တဝါအားလုံး အသက်ရှင်သန်နေနိုင်ရေးနှင့် လှုပ်ရှားရုန်းကန်နေသည့် ပတ်ဝန်းကျင်တွင် မရှိမဖြစ်လိုအပ်သည်မှာ 'ရေ' ဖြစ်သည်။ မြို့ပြ၊ ကျေးရွာများ၌ သန့်ရှင်းသောရေရရှိရေး၊ ဖြန့်ဝေပေးနိုင်ရေးအတွက် ကောင်းမွန်မှန်ကန်စွာ စီမံခန့်ခွဲရပေမည်။ ထို့အတွက် ပညာရှင်များနှင့်လူသားအရင်းအမြစ်များ၊ နည်းပညာနှင့် စက်ယန္တရားများက အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လာပြီ ဖြစ်သည်။**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနက မြို့နေလူထုအတွက် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရန်နှင့် မြို့ဧရိယာသန့်ရှင်းမှုလုပ်ငန်း(မိလ္လာစွန့်ပစ်မှု)တို့ကို စနစ်တကျစီမံမှုများဖြင့် ယင်းဌာနမှ ဌာနမှူး(ညွှန်ကြားရေးမှူး)၏ ဦးဆောင်ကွပ်ကဲမှုဖြင့် နေ့စဉ် လုပ်ငန်းဆောင်ရွက်နေကြသည်။ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ကျုံးရေပေးရေးစနစ်နှင့် စက်ရေတွင်းစနစ်ဖြင့် မြို့နေလူထုထံ ရေဖြန့်ဝေပေးနေခြင်းဖြစ်သည်။ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့် သန့်ရှင်းမှုဌာန၊ ဌာနမှူး(ညွှန်ကြားရေးမှူး)ဦးထွန်းဝင်းနှင့် တွေ့ဆုံပြီး ဌာနလုပ်ငန်းများအကြောင်း သိရှိခွင့်ရခဲ့သည်။

သူသည် မြို့တော်စည်ပင်သာယာတွင် ၁၉၈၆ ခုနှစ်က စတင်၍ အငယ်တန်းအင်ဂျင်နီယာအဖြစ် စတင် တာဝန်ထမ်းဆောင်ခဲ့ရာ လုပ်သက်(၃၈) နှစ်ရှိပြီ ဖြစ်သည်။ မြေအောက်ရေနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုထိ နားလည်သိရှိသူဖြစ်ပြီး နိုင်ငံခြားပညာရှင်များဖြင့် ပညာရပ်ဆိုင်ရာ၊ ဘာသာစကားပိုင်းဆိုင်ရာတို့တွင် ကောင်းစွာ ရှင်းလင်းပြောဆိုနိုင်သည်ကို တွေ့ရသည်။ လုပ်သက်အတွေ့အကြုံနှင့် နိုင်ငံတကာစာအုပ်၊ စာပေများဖတ်ရှုခြင်း ၎င်းတို့နှင့် ဆွေးနွေးခြင်း၊ စက်ရေတွင်းတူးသမားများနှင့် ဆွေးနွေးခြင်း အဖြေရှာခြင်းတို့ဖြင့် ကုန်ကျစရိတ်ချိုသာပြီး လုပ်ငန်းတွင်ကျယ်သည့် ပြင်ပတွင်မရှိသေးသော အကျယ် ၁၂ လက်မတူးဖော်နိုင်သည့် စက်ရေတွင်းတူးစက်ကို တီထွင်လိုစိတ်ပြင်းထန်သည့် စိတ်ဓာတ်ဖြင့် ပြည်တွင်း၌ ထုတ်လုပ်တည်ဆောက်ခဲ့သည်။ မြို့ပြရေပေးရေးအတွက် အသုံးတည့်ခဲ့ပြီး ကျုံးအတွင်း ရေဖြည့်ရန် ၂၂ လမ်း၊ စာတိုက်ကြီးဝင်းအတွင်း ထိုစက်ကြီးများဖြင့်တူးဖော်ရာ တစ်နာရီလျှင် ရေဂါလန် ၄ သန်းကျော် ဖြည့်ဆည်းပေးလျက်ရှိသည်။

'ကျုပ်က တောသား၊ စမုံမြစ်ကမ်းက ခေါင်းပါးတဲ့ ရွာကလေးကပါ။ ရွာမှာက မူလတန်းထိပဲရှိတယ်။ စတုတ္ထတန်းအောင်ပြီး အလယ်တန်းကျောင်းတက်ချင်လို့ မိဘတွေကို ပူဆာတာပေါ့။ ကိုယ်တိုင်က နွားကျောင်းတယ်၊ ကောက်သင်းကောက်လိုက်တယ်။ အဲဒီကရတဲ့ ပိုက်ဆံလေးတွေ မိဘထံအပ်ပြီး အလယ်တန်းကျောင်းတက်ဖို့ ၆ မိုင်လောက်ဝေးတဲ့ဆီကို ကုန်းတစ်တန်၊ ရေတစ်တန်ဖြတ်ပြီး ကျောင်းတက်ခဲ့ရတယ်။ ပြင်းပြတဲ့စိတ်နဲ့ ကြိုးစားခဲ့ပြီး အလယ်တန်းကျောင်းမှာ လူရည်ချွန် အရွေးခံရတယ်။ အဲဒီကနေ ရေနံချောင်း စက်မှုအထက်တန်းကျောင်းကို တက်ခဲ့တယ်။ စက်မှုအထက်တန်းကျောင်းမှာလည်း လူရည်ချွန်ရခဲ့တယ်'ဟု ဆရာဦးထွန်းဝင်းက ပြောသည်။

**မြို့တော်ရေပေးဝေရေးနောက်ခံသမိုင်း**

မန္တလေးမြို့တော်အတွင်းရှိ ရပ်ကွက်နေအိမ်များသို့ ရေပေးဝေရေးဆောင်ရွက်ရာတွင် ၁၉၃၅ ခုနှစ်က စက်ရေတွင်းဖြင့် ရေပေးဝေခြင်းစနစ်ကို စတင်ခဲ့ပြီး စက်ရေတွင်း ၄ တွင်းသာ ရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စက်ရေတွင်း ၁၂ တွင်းအထိဖြစ်လာပြီး ရေပေးရေးလုပ်ငန်းကို မန္တလေးမြို့စည်ပင်သာယာအဖွဲ့၊ ရေပေးရေးဌာနခွဲမှ တာဝန်ယူခဲ့သည်။ စက်ရေတွင်းများမှာ နှစ်ပေါင်းရှည်ကြာလာပြီဖြစ်၍ ရေပေးရေစနစ် ချို့ယွင်းလာသဖြင့် ဖျက်သိမ်းခဲ့သည်။

ဆည်မြောင်းဦးစီးဌာနနှင့် မန္တလေးမြို့စည်ပင်သာယာရေးအဖွဲ့၊ ဆောက်လုပ်ထိန်းသိမ်းရေးဌာန၊ ရေပေးရေးဌာနခွဲတို့ ညှိနှိုင်းပြီး ကျုံးရေပေးရေးလုပ်ငန်းဆောင်ရွက်ခဲ့သည်။ ထိုစဉ်က ဆည်မြောင်းဦးစီးဌာနမှ ကျုံးအတွင်းသို့ တစ်ရက်လျှင် ရေဂါလန် ၁၂ သန်းဖြည့်သွင်းရန်၊ စည်ပင်သာယာရေးအဖွဲ့မှ ရေထွက်ပေါက် ၃၂ ပေါက်ဖြင့် မြို့တွင်းသို့ ရေဖြန့်ဝေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



**စီမံကိန်းများဖြင့် ဆောင်ရွက်**

မြို့ပြဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ မြို့ပြလူဦးရေတိုးပွားလာသည်နှင့်အမျှ ရပ်ကွက်အလိုက် ရေလိုအပ်ချက် မြင့်မားလာခဲ့သည်။ ထိုအခြေအနေကိုဖြေရှင်းပြီး မြို့နေလူထု သောက်သုံးရေဖူလုံစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အဖြေရှာဆောင်ရွက်ရသည်။ မန္တလေးမြို့တော် ရေပေးဝေရေးစီမံကိန်းကို စတင်ကောင်အထည်ဖော်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးမှုဖြင့် အီတလီနိုင်ငံ၊ အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့မှ လေ့လာမှုအစီရင်ခံစာအရ ဧရာဝတီမြစ်ကမ်းနားလမ်းတစ်လျှောက်တွင် စက်ရေတွင်းများတူးဖော်ကာ မြေအောက်ရေ ရယူသည့်နည်းလမ်းကို အသုံးပြုခဲ့သည်။

ယင်းနည်းလမ်းအရ ၁၉၈၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်ထိ မြို့တော်ရေပေးဝေရေး စီမံကိန်းဆောင်ရွက်ခဲ့သည်။ စီမံကိန်းကာလအတွင်း ကမ်းနားလမ်းတစ်လျှောက်ရှိ ညောင်ကွဲရပ်မှ ဂေါဝိန်ဆိပ်ကမ်းထိ မြေအောက်အနက် ပျမ်းမျှပေ ၄၅၀ ရှိသော အချင်း ၁၆ လက်မစက်ရေတွင်း ၁၉ တွင်း တူးဖော်သည်။ တစ်ရက်လျှင် ရေဂါလန် ၁၈ သန်းထိ ရေပေးဝေနိုင်ခဲ့ပြီး ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလတွင် မန္တလေးမြို့တော်စည်ပင်သာယာအဖွဲ့မှ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းကာ ရေပေးဝေရေးလုပ်ငန်းများကို ရေပေးရေးဌာနက ဆက်လက်ဆောင်ရွက်ခဲ့သည်။

**မြေအောက်ရေနှင့် မြေပေါ်ရေ**

မန္တလေးမြို့ရေပေးရေးစီမံကိန်းစတင်စဉ်က မြေအောက်ရေကို ၁၀၀ ရာခိုင်နှုန်းထုတ်ယူသုံးစွဲခဲ့ပြီး မြေပေါ်ရေ သုံးစွဲမှုမရှိခဲ့သော်လည်း မြို့ပြလူဦးရေနှင့် မြို့ပြဖွံ့ဖြိုးမှုတိုးတက်လာကာ မြို့ပြဧရိယာကျယ်ပြန့်လာခဲ့သဖြင့် စက်ရေတွင်း ၁၃၈ ခုထိ တူးဖော်ကာ တစ်ရက်လျှင် ရေဂါလန် ၃၁ ဒသမ ၇၅ သန်းထုတ်ယူသုံးစွဲခဲ့သည်။ သို့ရာတွင် မြို့နေလူဦး ရေ ၁ ဒသမ ၇သန်းထိရှိလာသဖြင့် ၎င်းအတွက် ရေလိုအပ်ချက်မှာ တစ်ရက်လျှင် ရေဂါလန် ၅၁ သန်းခန့်ရှိ၍ မြေအောက်ရေသာမက ရေအရင်းအမြစ်များဖြစ်သည့် ဧရာဝတီမြစ်နှင့် ဆည်တော်ကြီးဆည်တို့မှ မြေပေါ်ရေအရင်းအမြစ်များကို ရယူခဲ့ရသည်။ ထိုသို့ ရယူပြီး အနှေးကျ သဲရေစစ်နည်းစနစ်(Slow Sand Filter)၊ အမြန်ကျ သဲရေစစ်နည်းစနစ်(Rapid Sand Filter)တို့ အသုံးပြုကာ မြေပေါ်ရေဂါလန် ၁၀ ဒသမ ၂၅ သန်း တိုးချဲ့ဖြန့်ဝေနိုင်ခဲ့သည်။

တိုးတက်ပြောင်းလဲလာသည့် မြို့ပြအတွက် လုံလောက်သော ရေပမာဏဖြန့်ဝေပေးနိုင်ရန် မူလရေပေးရေးစီမံကိန်း လွှမ်းခြုံမှုမရှိသည့် နေရာများအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စီမံကိန်းများဆောင်ရွက်နေသည်ဟု သိရသည်။ ပြည်ကြီးတံခွန်မြို့နယ်တွင် ၃၀ ရာခိုင်နှုန်း ရေပေးရေးစီမံကိန်းကို ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ(JICA) အကူအညီဖြင့် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းအရ ရေတွန်းစက်ရုံနှင့် ကလိုရင်းဆေးခတ်စက်ရုံတည်ဆောက်ခြင်း၊ ပင်မရေဖြန့်ဖြူးရေးပိုက်(၂ဒသမ၀၄၅ ကီလိုမီတာ)၊ ရေပေးရေးပိုက်လိုင်းအရှည်(၄၇ ဒသမ ၄၀)ကီလိုမီတာချထားခြင်းတို့ ဆောင်ရွက်ခဲ့သည်။ မြေအောက်ရေ(၇၅ ဒသမ ၆)ရာခိုင်နှုန်း၊ မြေပေါ်ရေ(၂၄ ဒသမ ၄) ရာခိုင်နှုန်းအသုံးပြုနေပြီး အနာဂတ်တွင် မြေအောက်ရေ ၃၀ ရာခိုင်နှုန်းနှင့် မြေပေါ်ရေ ၇၀ ရာခိုင်နှုန်း အသုံးပြုရန် မျှော်မှန်းကာ အရည်အသွေးကောင်းသော ဒုဋ္ဌဝတီမြစ်ရေကို သန့်စင်၍ အသုံးပြုရန် အစီအစဉ်ရှိကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AFD) အကူအညီဖြင့် အမရပူရ ရေပေးရေးစီမံကိန်းကို ၂၀၁၆ ခုနှစ်မှ ၂၀၂၁ခုနှစ်အတွင်းမှာ ဆောင်ရွက်သည်။ စီမံကိန်းကာလအတွင်း အမှတ်(၁၀)ရေတွန်းစက်ရုံ၊ ကြံတန်းရေတွန်းစက်ရုံ၊ ကလိုရင်းဆေးခတ်စက်ရုံနှင့် ရေဂါလန် ၈၀၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေမီတာများ ချထားခြင်းနှင့် ရေပေးရေးပိုက်များ ချထားခြင်းတို့ ဆောင်ရွက်ခဲ့သည်။

မြို့တော်စည်ပင်သာယာရေးကော်မတီဘတ်ဂျက်ဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ စတင်ကာ ဒုဋ္ဌဝတီမြစ်ရေတင်စီမံကိန်းတစ်စိတ်တစ်ပိုင်းအဖြစ် တစ်ရက်လျှင် ရေဂါလန် ၂ သန်းပေးဝေနိုင်မည့် စီမံကိန်းဆောင်ရွက်ခဲ့သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ ရေလှောင်ကန်တည်ဆောက်ခြင်း၊ မြစ်ရေတင်ပိုက်လိုင်းဆောင်ရွက်ခြင်း၊ ရေယူအဆောက်အအုံတည်ဆောက်ခြင်း၊ ရေတွန်းစက်ရုံနှင့် ပန့်များတပ်ဆင်ခြင်း၊ ခြံစည်းရိုးကာခြင်းစသည့်လုပ်ငန်းများ ပြီးစီးခဲ့ကြောင်းသိရသည်။

**လျှပ်စစ်ဓာတ်အားချွေတာ**

ရေဖြန့်ဝေရေးအတွက် တည်ဆောက်ထားသည့် ရေတွန်းစက်ရုံများတွင် လျှပ်စစ်ဓာတ်အားချွေတာပြီး အင်အားပြည့်လည်ပတ်နိုင်ရန် နေရောင်ခြည်သုံး ဓာတ်အားပေးစနစ်(On Grid)ကို အမှတ်(၄)ရေတွန်းစက်ရုံ(50 KW)၊အမှတ်(၈)ရေတွန်းစက်ရုံ(610KW)၊ အမှတ်(၂၄)ရေတွန်းစက်ရုံ(100KW)၊အမှတ်(၂)ရေတွန်းစက်ရုံ(80KW)၊ အမှတ်(၉) ရေတွန်းစက်ရုံ (50KW)၊အမှတ်(၃) ရေတွန်းစက်ရုံ (80KW)၊ အမှတ်(၁၅)ရေတွန်းစက်ရုံ (50KW)စသည်ဖြင့် တပ်ဆင်အသုံးပြုခဲ့သည်။ လျှပ်စစ်ဓာတ်အားကို ချွေတာ၍ အင်အားပြည့် လည်ပတ်လျက်ရှိသည်။

**ရေ အရည်အသွေးစစ်ဆေး**

မြို့နေလူထု ကျန်းမာရေးအတွက် ရေတွန်းစက်ရုံများ၊စက်ရေတွင်းများမှ ထွက်ရှိသည့် ရေ၏အရည်အသွေးကို တိုင်းတာစစ်ဆေးပြီးမှ ဖြန့်ဝေပေးခြင်းဖြစ်သည်။ ရေအရည်အသွေးဓာတ်ခွဲစစ်ဆေးသည့် ဓာတ်ခွဲခန်းကို ၁၉၉၂ ခုနှစ်က တည်ဆောက်ခဲ့ပြီး ထိုအချိန်က Physical , Chemical Parameter ၁၂ မျိုးဖြင့် တိုင်းတာဆောင်ရွက်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် အမြဲတမ်းလိုင်စင်များထုတ်ပေးရန် လိုင်စင်တွင်းများ၏ ရေအရည်အသွေးဓာတ်ခွဲစမ်းသပ်ခြင်းများ စတင်ဆောင်ရွက်ပေးခဲ့သည်။ ရေကြောင့်ဖြစ်စေတတ်သော ရောဂါများ မဖြစ်ပွားစေရန် ရေတွင် E-coil နှင့် Coliform ရောဂါပိုးပါဝင်မှု ရှိ၊ မရှိ Micro-Lab တစ်ခုကို ၂၀၁၆ ခုနှစ်တွင် တိုးချဲ့ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ရေဓာတ်ခွဲခန်းမှ ရေအရည်အသွေးဆိုင်ရာ Parameter ၂၉ မျိုးအထိ ဓာတ်ခွဲတိုင်းတာမှုများ ဆောင်ရွက်ပေးနေသည်ဟု ဆိုပါသည်။

မြို့နေလူထုအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ သုံးစွဲမှုတိုးတက်လာသည်နှင့်အမျှ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာန၏တာဝန်ဖြစ်သည်။ မြို့နေလူထု ရေကောင်းရေသန့်ရရှိရေး၊ မိလ္လာများ စနစ်တကျစွန့်ပစ်ရေးတို့ကို ရေဖြန့်ဖြူးရေးဌာနခွဲ၊ စက်ရေတွင်းနှင့် လျှပ်စစ်ဌာနခွဲ၊ ဝယ်ယူရေးနှင့် ထိန်းသိမ်းရေးဌာနခွဲနှင့် သန့်ရှင်းမှုဌာနခွဲဟူ၍ ဌာနခွဲ လေးခုဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတော့သည်။

ခိုင်ဆက်ဝေ

# သတင်းပဒေသာ

## ကျေးလက်စာကြည့်တိုက် ဆောက်လုပ်လျက်ရှိ

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ပြည်သူများ အသိပညာဗဟုသုတရရှိစေရေး၊စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်မားရေးအတွက် နိုင်ငံတော်၏ လှူဒါန်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် မြေပြင်သာကျေးရွာအုပ်စု၊ မြေပြင်သာကျေးရွာ၊ ကျေးလက်စာကြည့်တိုက်ဆောက်လုပ်လျက်ရှိရာ ယနေ့အထိ ၃၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ရှမ်းပြည်နယ်၊ မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းနှင့် နယ်လှည့်စာကြည့်တိုက်ကို ယမန်နေ့ နံနက် ၁၁ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

## ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရအောင် သင်ကြားပေးခဲ့သော ဆရာမများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ရက် နံနက် ၉ နာရီခွဲက မင်းလှအခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

## အနိမ့်ပိုင်းလူနေအိမ်များအတွင်း ရေများဝင်ရောက်ခဲ့

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်စန်မြို့တွင်းဖြတ်သန်းစီးဆင်းနေသော နမ့်လတ်ချောင်းရေလျှံကာ ယမန်နေ့ နံနက် ၄ နာရီခန့်မှ စတင်၍ ချောင်းအနီးဝန်းကျင်နှင့် အနိမ့်ပိုင်းလူနေအိမ်များအတွင်း ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

## လူငယ်စကားဝိုင်း ကျင်းပ

ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ အသိပညာဗဟုသုတများရရှိစေရေး၊ ဉာဏ်ပညာမြင့်မားရေး၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၉ရက် နံနက် ၉ နာရီခွဲတွင် ချီဖွေမြို့နယ်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊လင်းခေးခရိုင်၊မိုးနဲမြို့နယ်၊သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်းကာ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက လှိုင်မြေရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း အင်ကြင်းဆောင်ခန်းမဆောင်၌ ကျင်းပရာ ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား၊ကျောင်းသူများ ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

## ကျောင်းပေါင်းစုံစာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ကျောင်းသားလူငယ်များအနေဖြင့် ကျေးဇူးရှင်မြတ်ဆရာများအပေါ် အစဉ်လေးစားတန်ဖိုးထားစေရန် ရည်ရွယ်၍ အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့်ကျောင်းပေါင်းစုံစာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်အလှူငွေ လှူဒါန်း



**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး၊ ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ ၆၉ ဘီလမ်း၊ ၄၁လမ်းနှင့် ၄၂လမ်းကြားနေ ကျောင်းဒါယိကာမကြီး ဒေါ်အောင်ကြည်အားရည်စူး၍ ဦးသန်းငွေနှင့် သား၊ သမီး၊ မြေးမိသားစုမှ ဆေးပဒေသာပင်အလှူ ငွေကျပ်ဆယ်သိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။အလှူရှင်များ လှူဒါန်းလိုပါက ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ကဆ)**

# ရေဘေးသင့်ဒေသများသို့ ကွင်းဆင်း၍ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင် ဦးစီး၍ တိုင်းဒေသကြီး ကြက်ခြေနီစေတနာလုပ်အားရှင်များသည် စက်တင်ဘာ ၁၁ရက်က ရေဘေးသင့်ဒေသများဖြစ်သော စဉ့်ကိုင်၊ ကျောက်ဆည်၊မြစ်သားမြို့နယ်များသို့ သွားရောက်၍ ကွင်းဆင်းကာ ကြက်ခြေနီစေတနာလုပ်အားရှင်များမှ ပြည်သူများအား ကယ်ဆယ်ရေးဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုခဲ့ပြီး မြို့နယ်ကြက်ခြေနီစေတနာလုပ်အားရှင်များထံ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

အလားတူ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်တွင် စက်တင်ဘာ ၁၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့၍ မြို့သစ်ရပ်ကွက်ရှိ အိမ်ထောင်စုများ ရေဘေးသင့်ခဲ့ရာ ပျော်ဘွယ်မြို့နယ် ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ရေဘေးသင့်အိမ်ထောင်စုများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ရေလွတ်ရာကုန်းမြင့်သို့ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မြစ်သား၊ ကျောက်ဆည်၊ စဉ့်ကိုင်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများ အရေးပေါ်ကယ်ဆယ်ရေးလိုအပ်ပါက တိုင်းကြက်ခြေနီရုံး ၀၉-၇၉၇၇၄၆၉၆၆၊ကျောက်ဆည်ကြက်ခြေနီဖုန်း ၀၉-၇၈၇၉၀၀၉၂၉၊ စဉ့်ကိုင်ကြက်ခြေနီဖုန်း ၀၉-၇၈၈၇၄၃၅၅၉၊ မြစ်သားကြက်ခြေနီဖုန်း ၀၉-၂၅၁၁၅၆၀၀၆ သို့ ၂၄နာရီဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

(၀၄၅)





# ချို့တဲ့အိမ်ထောင်စုများအား လစဉ်ထောက်ပံ့

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား (၁၅)ကြိမ်မြောက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

ထိုသို့ ထောက်ပံ့မှုအစီအစဉ်ကို မဟာအောင်မြေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ဦးနှင့် အဖွဲ့ဝင် ဗိုလ်မှူး ဆွေလွင်အောင်၊အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ထောက်ပံ့မှုတွင် ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စု ၉၀ အား ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား တစ်ထုပ်၊ဆပ်ပြာတစ်ဘူး၊ စားဖိုချောင်သီးနှံ သုံးမျိုးစီနှင့် ငွေကျပ် ၅၀၀၀စီကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းထောက်ပံ့မှုအစီအစဉ်ကို လစဉ်ထောက်ပံ့ခဲ့ရာ ယနေ့အထိ (၁၅)ကြိမ်မြောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး အလှူရှင်များ၏ လှူဒါန်းပါဝင်မှုပေါ် မူတည်ပြီး တိုးမြှင့်ထောက်ပံ့ပေးနေခြင်း ဖြစ်သည်။

အဆိုပါ ထောက်ပံ့မှုအစီအစဉ်ကို လစဉ်ထောက်ပံ့နိုင်ရန် အလှူရှင်များနှင့် ရပ်ကွက်တာဝန်ရှိသူများက ချို့တဲ့အိမ်ထောင်စုများကို ထပ်မံတိုးချဲ့ထောက်ပံ့ပေးနိုင်ရန် စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်များ ဝေငှ

**သာစည် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ကန်ရှည်ကျေးရွာအုပ်စု၊ မောင်းမဆည်ကျေးရွာတွင် ရေဘေးသင့်ခဲ့သည် ဒေသခံပြည်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများက စက်တင်ဘာ ၁၂ရက် နံနက် ၁၀နာရီက စားသောက်ကုန်ပစ္စည်းများဝေငှပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။ **(အောက်ပုံ)**



မောင်းမဆည်ကျေးရွာနေပြည်သူများအား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝတ်မှုံအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ထမင်းထုပ်၊ မုန့်များ၊ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်စသည့်များ ဝေငှပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၀၅၇)**

# ကမ္ဘာ့ ရှေးဦးပြုစုခြင်းနေ့(World First Aid Day)

**ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့**

**WORLD FIRST AID DAY**

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်၊

"အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်"

First Aid and Sports
Ready, Set, Respond

ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသားကြက်ခြေနီလခြမ်းနီအသင်းများက နှစ်စဉ်နှစ်တိုင်း စက်တင်ဘာဒုတိယအပတ် စနေနေ့ကို ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အဖြစ် သတ်မှတ်ပြီး ရှေးဦးပြုစုခြင်း၏ အရေးပါမှုကို အသိပညာမြှင့်တင်ရန်အတွက် ရည်ရွယ်ပြီး အခမ်းအနားများ ပြုလုပ်လျက်ရှိသည်။ ရှေးဦးပြုစုခြင်း အတတ်ပညာများဖြင့် သဘာဝဘေးအခြေအနေများအပါအဝင် နေ့စဉ်လူမှုဘဝများတွင် လူအများ၏အသက်ကို ကယ်တင်ပေးနိုင်ခြင်းအား လူထု သိရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

၂၀၂၄ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် ကျရောက်သည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အတွက် ရွေးချယ်ထားသည့်ဆောင်ပုဒ်မှာ 'အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်' "First Aid and Sports Ready, Set, Respond" ဖြစ်သည်။ အားကစားပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲ၊ မာရသွန်အပြေးပြိုင်ပွဲများတွင် ကူညီဆောင်ရွက်ရန် လာရောက်ကူညီဆောင်ရွက်ပေးကြသော စေတနာ့ဝန်ထမ်း ကြက်ခြေနီမောင်မယ်များအား ဂုဏ်ပြုလို၍ 'အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်' ဆောင်ပုဒ်ကို ရွေးချယ်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၂၀၀၃ခုနှစ်မှစတင်ပြီး ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုအခါတွင် (၂၁)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း စတင်တည်ထောင်ခဲ့သည့် ၁၉၃၇ခုနှစ်ကစတင်ပြီး ရှေးဦးပြုစုခြင်းပညာများကို ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ရပ်ရွာလူထုများအတွက် မဖြစ်မနေ တတ်မြောက်ရန်လိုအပ်ပြီး အသက်ကယ်သည့် အတတ်ပညာအဖြစ် သတ်မှတ်ကာ ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို အမြဲတေလုပ်ငန်းအဖြစ် မဟာဗျူဟာချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ဆောင်ရွက်ရာတွင် ပြည်သူလူထုတိုင်း ရှေးဦးပြုစုနည်းတတ်မြောက်ရန်နှင့် တတ်မြောက်ထားသည့် ပညာရပ်များဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပြီး ရှေးဦးပြုစုခြင်းလုပ်ငန်းများကို အမျိုးသားရေးအဆင့် အစီအမံအဖြစ် နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သည့်မူဝါဒများ လမ်းညွှန်ချက်များချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရှေးဦးပြုစုခြင်း လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတစ်ဝန်းရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များမှ နေ့စဉ်ကြုံတွေ့နေရသည့် မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ၊ သဘာဝဘေးအန္တရာယ်များ၊ ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားခဲ့စဉ်ကာလများတွင် လူနာများကိုပြုစုခြင်း၊ စိတ်ပိုင်းဆိုင်ရာများအားပေးကူညီခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့သည်။ ကြက်ခြေနီ၏ လူသားချင်းစာနာထောက်ထားမှုအပေါ် အခြေခံကာ ထိခိုက်ဒဏ်ရာရရှိသူများကို ခွဲခြားမှုမရှိဘဲ မွန်မြတ်သည့် လူမှုကရုဏာစိတ်ဓာတ်အပြည့်ဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့မှုကြောင့် ပြည်သူလူထုအနေဖြင့် ရှေးဦးပြုစုခြင်း၏ အကျိုးထိရောက်မှုကို သိရှိနားလည်ခံစားရပြီး ကြက်ခြေနီအသင်းကြီးအပေါ် ယုံကြည်အားကိုးမှုများ ပိုမိုဖြစ်ထွန်းလာကာ အသင်း၏ ပုံရိပ်မြင့်တက်လာအောင် ဆောင်ရွက်ပေးမှုအတွက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အဖြစ် သတ်မှတ်ကာ ဂုဏ်ပြုကျင်းပခြင်းဖြစ်သည်။

ယနေ့ကမ္ဘာတွင် နေ့စဉ်လူနေထိုင်မှုပုံစံများ ပြောင်းလဲသွားသကဲ့သို့ ရှေးဦးပြုစုခြင်း အလေ့အကျင့်များသည်လည်း ပြောင်းလဲသွားသည်ကို တွေ့ရသည်။ ပြောင်းလဲသွားသည့် ရှေးဦးပြုစုနည်းများကို ကြက်ခြေနီစေတနာလုပ်အားရှင်များသာမက လူမှုအသိုင်းအဝိုင်းရှိ ပြည်သူများ၊ မိတ်ဖက်လူမှုရေးအဖွဲ့အစည်းများသိရှိရေး သင်ကြားသင်ယူမှုပုံစံအသစ်များ ပြန့်ပွားအောင် နည်းပြသင်တန်းများ၊ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရေးသည် ကြက်ခြေနီစေတနာရှင်များ၏ လက်ဆင့်ကမ်းသင်ကြားပေးရမည့် တာဝန်ဖြစ်သည်။ ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ လက်ဆင့်ကမ်းဖြန့်ဝေပေးသည့် ရှေးဦးပြုစုနည်း အလေ့အကျင့်များကို ပြည်သူလူထုများအနေဖြင့် သိရှိနားလည်လက်ခံပြီး ထိခိုက်ဒဏ်ရာရရှိသူများကို ကိုယ်တိုင်ပြုစုလာနိုင်ခြင်းအပြင် ကြက်ခြေနီတပ်ဖွဲ့၏ ရှေးဦးပြုစုခြင်းလုပ်ငန်းများတွင် အတူလက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်မည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။ သို့မှသာ ပြည်သူလူထုတစ်ဦးချင်း၏ ရှေးဦးပြုစုခြင်း ကိုယ်ပိုင်စွမ်းရည်များ တိုးတက်လာပြီး လူမှုအသိုင်းအဝိုင်းအတွင်း လူသားချင်းစာနာမှုကို အခြေခံသည့် ရှေးဦးပြုစုခြင်း အလေ့ကျင့်ကောင်းများဖြင့် လူမှုကရုဏာကောင်းကျိုးများ ဖြစ်ထွန်းစေမည်ဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာသည့်စိတ်အပြည့်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးရုံသာမက နိုင်ငံအတွင်း လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင် ကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စေတနာသွေးလှူရှင်လုပ်ငန်းများနှင့် အရေးပေါ်လူနာတင်ယာဉ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ မိုခါမုန်တိုင်း ကြိုတင်ပြင်ဆင်တုံ့ပြန်ခြင်းလုပ်ငန်းများတွင် ပြည်သူလူထုအတွက် စွမ်းစွမ်းတမံ အသက်စွန့်ပြီး ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းထားသည့်အပြင် နိုင်ငံတကာကလည်း အသိအမှတ်ပြုထားသည့် လူမှုကရုဏာအဖွဲ့အစည်းဖြစ်သည်။ အသင်းဥပဒေကို ၂၀၁၅ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ အသင်းသည် အခြားသော အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများနည်းတူ လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ရာတွင် အခြားသော မိတ်ဖက်လူမှုရေးအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။



မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် တိုင်းရင်းသားလူမျိုးစုများအပါအဝင် ပြည်သူအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို ကိုယ်ကျိုးမဖက် အများအကျိုးအတွက် ကြက်ခြေနီအခြေခံမူ(၇)ချက်နှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အသင်းသည် ကြက်ခြေနီစေတနာရှင်များကို အခြေခံကာ အသင်း၏ ဌာနချုပ်၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ မြို့နယ်အသင်းခွဲအဆင့်ဆင့်အထိ လူထုအခြေပြုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် ထိခိုက်ခံစားရသောပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကူညီရန် ကြက်ခြေနီစေတနာလုပ်အားရှင်များ အမြဲအသင့်ကူညီခဲ့သည်။ မိုခါမုန်တိုင်း၊ နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်း၊ တာလေမြေငလျင်၊ ရေကြီးရေလျှံမှုများ၊ ဖားကန့်မြေပြိုမှုများတွင် ထိခိုက်ဒဏ်ရာရရှိသူများအား စေတနာလုပ်အားရှင်များက ရှေးဦးပြုစုပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာအားပေးကူညီခြင်း၊ အခြေခံအသုံးအဆောင်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ ထောက်ပံ့ခြင်း၊ အစားအစာနှင့် သောက်သုံးရေရရှိရန် ကူညီကယ်ဆယ် ဆောင်ရွက်ပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ မန္တလေးမြို့ရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် ကြက်ခြေနီအသိပညာပြန့်ပွားရေးအတွက် ရှေးဦးပြုစုနည်း အခြေခံသင်တန်းများကို စာတွေ့၊ လက်တွေ့သင်ကြားပေးခြင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်း၍ ရှေးဦးပြုစုနည်း(နည်းပြ)သင်တန်းများကိုလည်း ပို့ချပေးခဲ့သည်။ မြို့နယ်ကြက်ခြေနီအသင်းခွဲများကလည်း သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်လူနာပို့ဆောင်ခြင်း၊ မတော်တဆထိခိုက်လူနာများအား ရှေးဦးပြုစုပြီး ဆေးရုံများသို့ လွှဲပြောင်းပို့ဆောင်ခြင်း စသည့် လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၄ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည့် ကာလများတွင်လည်း ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ခြင်းလုပ်ငန်းများအဖြစ် အသင်းတွင်ရှိသော ကြက်ခြေနီစေတနာလုပ်အားရှင်များက ရပ်ရွာအတွင်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဝေငှခြင်း၊ လူနာများအား ဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း၊ ကလိုရင်းခတ်ရာတွင် ကျန်းမာရေးဌာနနှင့်အတူ ကူညီဆောင်ရွက်ခြင်း၊ ဓာတ်ဆားထုပ်များနှင့် ကလိုရင်းဆေးမှုန့်များ ထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အပြင် ယခု မျောက်ကျောက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင်လည်း ပြည်သူလူထုအတွက် ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရသည်။ ၂၀၂၄ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့တွင် ကြက်ခြေနီစေတနာလုပ်အားရှင်များအနေဖြင့် ကြက်ခြေနီအခြေခံမူ(၇)ချက်ပါအတိုင်း လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာ ခွဲခြားမှုမရှိသည့် ကြက်ခြေနီမူကို အစဉ်ထိန်းသိမ်းပြီး ပြည်သူလူထုနှင့်အတူ ရှေးဦးပြုစုခြင်းအလေ့ကျင့်ကောင်းများဖြင့် နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

မောင်ပြည်သူ(မန္တလေး)



# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဆိုင်းဘုတ် စိုက်ထူ

**ကျိုင်းတုံ စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး Bill Bord ဆိုင်းဘုတ်စိုက်ထူခြင်း ကိုယနေ့ နံနက် ၉ နာရီက ကျိုင်းတုံ -တာချီလိတ်လမ်း၊ နောင်နွန်းပူးပေါင်းဂိတ်အနီး၌ တာဝန်ရှိသူများက စုပေါင်းစိုက်ထူခဲ့ကြသည်။

အသိပညာပေး Bill Bord ဆိုင်းဘုတ်စိုက်ထူပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၁၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ကျိုင်းတုံ)၊ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်ကျော်ဇင်နှင့် တပ်ဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့များ၊ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အသိပညာပေး Bill Bord ဆိုင်းဘုတ်စုပေါင်းစိုက်ထူကြသည်။

ထို့နောက် ကျိုင်းတုံတပ်နယ်မှူး ဗိုလ်မှူးချုပ် မျိုးဆက်အောင်၊ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်းတို့က မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး Bill Bord ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ အသိပညာပေး Bill Bord ဆိုင်းဘုတ်တွင် "ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား" ဆောင်ပုဒ်နှင့် ပြည်သူများအနေဖြင့် လူကုန်ကူးမှုကိစ္စရပ်များကို သံသယရှိပါက ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ ဖော်ပြပါရှိကြောင်း သိရသည်။ **(အပေါ်ဓါတ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# မိုးရွာသွန်းမှုကြောင့် ယင်းမာပင်ပြိုလဲကာ ကားလမ်းပိတ်ဆို့မှုဖြစ်ပွားသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များမှ ရှင်းလင်းဖယ်ရှား

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊မြို့နယ်မီးသတ်စခန်း၏ အရှေ့ဘက် ၃ မိုင်ခန့်အကွာ၊ ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်း မိုင်တိုင်အမှတ်(၅၇/၅)တွင်၊ စက်တင်ဘာ ၁၁ရက် မွန်းလွဲ ၃ နာရီ ၂၈မိနစ်ခန့်က မိုးရွာသွန်းမှုကြောင့်၊ လုံးပတ် လေးပေခန့်၊ အမြင့် ပေ ၄၀ ခန့်ရှိ ယင်းမာပင်တစ်ပင် အမြစ်မှကျွတ်၍ ကားလမ်းမပေါ်သို့ ပြိုလဲကာ ကားလမ်း ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လမ်းပိတ်ဆို့မှုသတင်းရရှိခြင်း ကျောက်ပန်းတောင်းမြို့နယ် မီးသတ်စခန်းမှ မြို့နယ်ဦးစီးမှူး ဦးသန်းမြင့် ဦးဆောင်သည့် သနေ့တပ်ဖွဲ့ဝင် ၁၀ဦး၊ အရန်တပ်ဖွဲ့ဝင် သုံးဦးတို့သည်၊ RANGER မီးသတ်စက်ယာဉ်ဖြင့် ထွက်ခွာ၍ လမ်းပေါ်တွင် ပိတ်ဆို့လဲကျနေသည့် ယင်းမာပင်ကိုင်းများအား ဖြတ်တောက် ရှင်းလင်းဖယ်ရှားပြီး မော်တော်ယာဉ်များ အမြန်ဖြတ်သန်းသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၅၆)

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးရန်ကင်းကွာလွန်ချမ်းသာ။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Ko Khant@User547947103074" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ထုံးဘိုရပ်ကွက်နေ ခန့်ဝေစိုးအား ညနေ ၆ နာရီ မိနစ် ၄၀ တွင် အမရပူရမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ညောင်တုန်းမြို့နယ် ပန်းတိုင်စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မှတ်ပုံတင်နှင့် ခရီးသွားထောက်ခံစာမပြနိုင်သော ခရီးသွားလူငယ်တချို့ကို ကားပေါ်မှဆွဲချကာ တပ်သားသစ်များအဖြစ် စုဆောင်းနေကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပန်းတိုင်စစ်ဆေးရေးဂိတ်တွင် စက်တင်ဘာ ၁၀ ရက်တွင် ကျုံပျော်မြို့နယ်မှ ရန်ကုန်မြို့သို့ ထွက်ခွာသည့် ခရီးသည်တင်ကားကို လုံခြုံရေးတပ်ဖွဲ့ဝင်များကစစ်ဆေး၍ မှတ်ပုံတင်နှင့် ခရီးသွားထောက်ခံစာ မပြနိုင်သော ခရီးသွားလူငယ်တချို့ကို ကားပေါ်မှ ဆွဲချဖမ်းဆီးပြီး စစ်မှုထမ်းရန် တပ်သားသစ်များအဖြစ် စုဆောင်းမှုများ ရှိနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




ညောင်တုန်းမြို့နယ် အတွင်း အကြမ်းဖက်သမားများ မြို့၊ ရွာများအတွင်း ဝင်ရောက်၍ တရားမဝင် လက်နက်ခဲယမ်းများ သယ်ဆောင်ကာ အကြမ်းဖက်လုပ်ရပ်များ မလုပ်ဆောင်နိုင်စေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နေမှုများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်မြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မှန်ကန်မှုမရှိသည့် သတင်းဓာတ်ပုံများဖြင့် သတင်းမှားများကို ဝါဒဖြန့်နေခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

သတင်းစဉ်

# အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စုတို့တွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအပတ်စဉ်(၅) တက်ရောက်ရန်အတွက် အသက်မပြည့်သေးသည့် လူငယ်များကို အသက်လိမ်၍ မှတ်ပုံတင်ပြုလုပ်ပေးပြီး သင်တန်း တက်ရောက်ရမည်ဟု သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စုတို့တွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအပတ်စဉ် (၅) တက်ရောက်ရန်အတွက် အသက်မပြည့်သေးသည့် လူငယ်များကို အသက်လိမ်၍ မှတ်ပုံတင်ပြုလုပ်ပေးပြီး သင်တန်း တက်ရောက်ရမည်ဟု သတင်းတု၊ သတင်းအမှားများဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းသည် မှန်ကန်မှုမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထိတ်တလန့် ဖြစ်စေရန်နှင့် လူငယ်လူရွယ်များကို လမ်းမှားရောက်စေရန်အတွက် သွေးထိုးလှုံ့ဆော် ဝါဒဖြန့်နေသည့် သတင်းအမှားသာ ဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားနိုင်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များသည် တာဝန်ကျရာ တပ်ရင်း တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတိအလင်း သတ်မှတ်ဖော်ပြထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့် ခေါ်ရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများ အတိုင်းသာ တိကျစွာလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့်လမ်းများ၌ စက်ယန္တရားအင်အား၊ လူအင်အားဖြင့် ရှင်းလင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

★ ရှေ့ဖုံးမှ

ထိုသို့ဖြစ်ပေါ်ခဲ့ရာ သက်ဆိုင်ရာ နယ်မြေအလိုက် နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့် အတူ ရေဘေးသင့် ပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီ ရွှေ့ပြောင်းပေးခြင်း၊ လမ်း/တံတားများအား ပြန်လည်ပြုပြင်ခြင်း၊ ပြိုကျပျက်စီးခဲ့သည့် အုတ်တံတိုင်းများနှင့် အဆောက်အအုံများအား ဖယ်ရှား ရှင်းလင်းပေးခြင်းနှင့် လမ်းများ၌ ပိတ်ဆို့နေသည့် သစ်ပင်/ သစ်ကိုင်းများ အား ခုတ်ထွင် ရှင်းလင်းပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးသင့် ပြည်သူများအား သက်ဆိုင်ရာ မြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းများ၌ ကူညီကယ်ဆယ် နေရာချထားပေးကာ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ စားရေရိက္ခာများဝေငှခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သိုက်ချောင်းတံတား(ဆင်သေချောင်းကူး)၌ ဘေလီတံတားထိုး၍ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုစစ်ဆေး

ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ယာယီပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ရေကြီးရေလျှံမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ကို ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ အရှည်ပေ ၃၆၀၊ အကျယ် ၅၅ ပေရှိ သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)သည် ဆင်သေချောင်းတစ်လျှောက် ရုတ်တရက် ရေကြီးရေလျှံခြင်းများကြောင့် တံတားကမ်းကပ်ခုံများပျက်စီးခြင်း၊ ချဉ်းကပ်လမ်း ရေတိုက်စား၍ လမ်းတာပေါင် ပျက်စီးခြင်း၊ တံတားရေလယ်တိုင်(Pier) များ နိမ့်ကျခြင်းများဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ဘေလီတံတားထိုး၍ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)အပြင် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အခြားတံတားများကိုလည်း အများပြည်သူ သွားလာရေး အဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ယာယီတံတားများကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ရေကြီးရေလျှံမှုများ လျော့ပါးသွားချိန်၌ ပျက်စီးသွားသည့်တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင်လည်း ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးတို့အတွက် စနစ်တကျထည့်သွင်းတွက်ချက်၍ ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

## လိုအပ်သည်များမှာကြား

ထို့နောက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများအား ယာယီရေဘေးရှောင်စခန်းများသို့ ကူညီပြောင်းရွှေ့ပေးထားမှုအခြေအနေများကိုမေးမြန်းကာ ရေဘေးသင့်ပြည်သူများ၏ နေရေးနှင့် စားရေးအဆင် ပြေစေရေးအတွက် စီမံဆောင်ရွက်ပေးသွားရန်နှင့် **စာမျက်နှာ ၃ သို့** ★

## မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်း ကမ္ဘောဒီးယား ယူ-၂၀ အသင်းနှင့် တစ်ပက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့

အာရှယူ-၂၀ ခြေစစ်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံတွင် ခြေစမ်းခရီးစဉ်ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းသည် နောက်ဆုံးခြေစမ်းပွဲစဉ်အဖြစ် စက်တင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ကမ္ဘောဒီးယားယူ-၂၀ အသင်းနှင့် Alpine Football Camp Training တွင် training match ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက် ပေါ်ခဲ့သည်။

training match ဖြစ်တာနှင့် အညီ နှစ်သင်းစလုံးမှ လူစားလဲလှယ်မှု အပြောက်အများ ပြုလုပ်ခဲ့ကြပြီး မြန်မာအသင်းအတွက် ဂိုးများကို မင်းမော်ဦး ၄၈ မိနစ်နှင့် ဝင်းပြည့်မောင် ၈၃ မိနစ်တို့က သွင်းယူပေးခဲ့ကြောင်း သိရသည်။ (NGB)